# ဂရုဏာကိုအစဉ် ရှေးရှုပါသည်

၁၈၈၈ ခုနှစ်မှစ၍ Stillwater Hospice (ယခင်အိမ်အရောက် သူနာပြုဝန်ဆောင်မှု) သည် မိသားစုများအား  အဆုံးစွန်နှင့် ပြင်းထန်ရောဂါ စောင့်ရှောက်မှုမှစ၍ နာတာရှည်ရောဂါစီမံ ခန့်ခွဲမှုနှင့် ဝမ်းနည်းပူဆွေးမှု နှစ်သိမ့်အားပေးခြင်းအထိ ကြင်နာ မှုအပြည့်အဝဖြင့် ဝန်ဆောင်မှု ပေးခဲ့ပါသည်။ နှစ်ပေါင်း ၁၃၀အတွင်း ကျွန်ုပ်တို့၏ဝန်ဆောင်မှုများ ပိုမို ရှင်သန်တိုးတက် လာသော်လည်း  ဝန်ဆောင်မှုရယူသူများကို အကြင်နာဆုံး ဂရုစိုက်မှုပေးရေးဆိုသည့် ကျွန်ုပ်တို့၏အဓိကရည်ရွယ်ချက် မှာ မည်သည့်အခါမျှ မပြောင်းလဲခဲ့ပါ။ သင့်အတွက်၊ ကျွန်ုပ် တို့ မိသားစုမှ ဆောင်ရွက်ပေးသမျှ အရာတိုင်းတွင် **ချစ်ခြင်း မေတ္တာကို ဦးထိပ်ထားပါသည်။**

Stillwater Hospice သည် Stillwater ဖောင်ဒေးရှင်းမှ ပံ့ပိုး ပေးသော ရပ်ရွာအခြေပြုအကျိုးအမြတ်မယူသော အဖွဲ့အစည်း ဖြစ်သည်။ ကျွန်ုပ်တို့၏လုပ်ငန်းရည်ရွယ်ချက်ကို ဖြည့်ဆည်းနိုင် ရန်အတွက် သင့်လိုလူများထံမှ အလှူငွေများကို အားထားရပါ၍ သင်၏ပံ့ပိုးမှုအတွက် အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့၏ဝက်ဘ်ဆိုဒ်တွင် Stillwater Foundation အကြောင်း ကို ပိုမိုလေ့လာနိုင်ပါသည်

"Stillwater Hospice သည် ကောင်းကင်ဘုံ၏ ဆင်ဝင်သဖွယ်ဖြစ်သည်"

– မိသားစုဝင်တဦး

**Stillwater Hospice သည် ဘဝခရီးလမ်းတစ်လျှောက် ကရုဏာ မေတ္တာ၊ နှစ်သိမ့်မှုနှင့် လမ်းညွှန်မှုများပေးသည်။**

## Stillwater
## HOSPICE

ဖွာနချုပ်
5910 Homestead Road
Fort Wayne, IN 46814

**Marion**
705 S Baldwin Avenue
Marion, IN 46953

**Berne**
108 S Jefferson Street
Berne, IN 46711

**Warsaw**
1515 Provident Drive, Suite 250
Warsaw, IN 46580

(၂၆၀) ၄၃၅-၃၂၂၂ | (၈၀၀) ၂၈၈-၄၁၁၁
info@stillwater-hospice.org
stillwater-hospice.org

THE PEGGY F. MURPHY
## Community Grief Center

5920 Homestead Road
Fort Wayne, IN 46814
Stillwater Hospice ဝင်းအတွင်းတွင် တည်ရှိပါသည်

(၂၆၀) ၄၃၅- ၃၂၆၁
stillwater-hospice.org/grief-support

**stillwater-hospice.org**

# Stillwater
# HOSPICE



# ချစ်ခြင်းမေတ္တာကို ဦးထိပ်ထားပါသည်

ဟော့စ်ပိုက်စောင့်ရှောက်မှု | ဟော့စ်ပိုက်ဂဟော
ပြင်းထန်ရောဂါစောင့်ရှောက်မ | နာတာရှည်ရောဂါစောင့်ရှောက်မှု
ဝမ်းနည်းကြေကွဲမှုဖေးကူခြင်း

# တစ်ဖွဲ့လုံး၊တစ်ခုတည်း သဘောရည်ရွယ်ချက်

လူနာများနှင့် မိသားစုများအတွက် အကောင်းဆုံး စောင့်ရှောက်မှု ပေးအပ်နိုင်ရန် Stillwater Hospice ၏ အရည်အသွေးမြင့်မားသော စောင့်ရှောက်မှုကို ကျွန်ုပ်တို့၏ ကျွမ်းကျင်ပညာရှင်များအဖွဲ့မှ ပံ့ပိုးပေးပါသည်။

- ဟော့စ်ပိုက်သမားတော်များ
- နာ့စ်ပရက်တင်ရှင်နာဆရာဝန်များ
- လေ့ကျင့်သင်ကြားထားသည့် ဟော့စ်ပိုက်သူနာပြုများ
- လက်မှတ်ရ သူနာပြုလက်ထောက်များ/ အိမ်ကျန်းမာရေးအကူများ
- စေတနာ့ဝန်ထမ်းများ
- လူမှုကူညီရေးလုပ်သားများ
- ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ
- ဝမ်းနည်းကြေကွဲမှုနှစ်သိမ့်ဆွေးနွေးပေးသူများ

Stillwater Hospice သည် အင်ဒီယားနားပြည်နယ် အာဒမ်၊ အယ်လန်၊ ဘလက်ဖို့ဒ်၊ ဒီကလ်ဘ်၊ ဂရန့်၊ ဟန်တင်တန် ဂျေး၊ ကိုစီယက်စ်ကို၊ ဝါဘက်ရှ်၊ ဝဲလ်စ် နှင့် ဝစ်တလီ ကောင်တီဒေသများတွင် ဝန်ဆောင်မှုပေးပါသည်။






# ဝန်ဆောင်မှု အစီအစဉ်များ

## ဟော့စ်ပိုက်ရောဂါဆိုးလူနာစောင့်ရှောက်မှု

ဤလူနာစောင့်ရှောက်မှုသည် ရောဂါအဆိုးစွန်ဖြစ်နေသော လူနာများနှင့် မိသားစုများကို တတ်နိုင်သမျှ အဆင်ပြေစွာ နေထိုင်သွားနိုင်ရန် ကူညီပေးသည့် အရည်အသွေးမြင့်၊ လူနာကို အဓိကထားသော စောင့်ရှောက်မှုဖြစ်သည်။ ကျွန်ုပ်တို့သည် လူနာတစ်ဦးစီ၏ ဆန္ဒ၊ လိုအပ်ချက်များနှင့် အံဝင်သော ရောဂါလက္ခဏာထိန်းချုပ်ခြင်း၊ နာကျင်မှုကိုသက်သာစေခြင်း၊ စိတ်နှလုံးသားနှင့် ယုံကြည်မှု စသည်အားလုံးအတွက် ပံ့ပိုးပေးနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်များ၊ လေ့ကျင့် သင်ကြား ထားသည့် စေတနာ့ဝန်ထမ်း များဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ လူနေအိမ်များတွင်ဖြစ်စေ၊ ထောက်ပံ့မှုအိမ်ယာ များတွင် ဖြစ်စေ၊ ကျွမ်းကျင်သူနာပြုဂေဟာ များတွင်ဖြစ်စေ လူနာနေထိုင်သည့် နေရာတိုင်းသို့ ကျွန်ုပ်တို့ အရောက်လာခဲ့မည် ဖြစ်ပါသည်။

## ဟော့စ်ပိုက်ဂေဟာ

ဟော့စပိုက်ဂေဟာသည် လူနာများကို (၂၄) နာရီ ကျန်းမာရေး စောင့်ရှောက်မှုအပြင် အထူးကပြုမတ် စောင့်ကြည့်ရန် လိုသောလူနာကို နအိမ်တွင်လုပ်ဆောင်ပေးနိုင်သည်ထက် ပိုမိုစောင့်ရှောက်ကုသပေးနိုင်ပါသည်။ ဤဂေဟာသည် ဒေသတွင်းရှိ တစ်ခုတည်းသော လွတ်လပ်သည့် လူနာဆောင်ဖြစ်ပြီးနွေးထွေး သက်တောင့်သက်သာရှိသော အိမ်ကဲ့သို့ ပတ်ဝန်းကျင်မျိုးဖြစ်ပါသည်။ ဧည့်သည်များ အချိန်မရွေး နေ့ရောညပါ လာရောက်နိုင်ပါသည်။

## ပြင်းထန်ရောဂါစောင့်ရှောက်မှု

ဤစောင့်ရှောက်မှုသည် လူနာနှင့် မိသားစုကို ဗဟိုပြုသော စောင့်ရှောက်မှုဖြစ်ပြီးသမားတော်များနှင့် ဆရာဝန်များမှ ပံ့ပိုးပေးပါသည်။ ပြင်းထန်သော နာတာရှည်ရောဂါ ရင်ဆိုင်နေရသူများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးပါသည်။ ရောဂါပြင်းထန်သည့် မည်သည့် အသက်အရွယ်၊ ရောဂါအဆင့်နှင့်မဆို သင့်လျော်ပြီးကုသခြင်းနှင့်တွဲဖက်၍ ဤစောင့်ရှောက်မှုကို လုပ်ဆောင်ပေးနိုင်ပါသည်။

## နာတာရှည်ရောဂါစီမံခန့်ခွဲမှုအစီအစဉ်

လူနာများ နကောင်းစပြုလာသည့်အခါ ကျွန်ုပ်တို့၏နာတာရှည်ရောဂါစီမံခန့်ခွဲမှုအစီအစဉ်ဖြင့် ကျွန်ုပ်တို့၏ကျွမ်းကျင်သူနာပြုများ၊ အိမ်တွင်းကျန်းမာရေးအကူများ၊ ကာယလေ့ကျင့်ခန်းဆိုင်ရာ၊ ပြန်လည်ထူထောင်ရေးဆိုင်ရာနှင့် စကားဆိုမှုဆိုင်ရာ ကုထုံးပညာရှင်များသည် လူနာများကို ဘေးကင်း သက်သာစေရန် နအိမ်အရောက် ကူညီပေးပါသည်။

## အထူးအစီအစဉ်များ

Stillwater Hospice ဂေဟာတွင် ကျွန်ုပ်တို့သည် လူတစ်ဦး၏ ကိုယ်၊စိတ်၊နှလုံး သုံးပါးလုံးကို ပြုစုစောင့်ရှောက်မှု ပေးပါသည်။ လူနာတစ်ဦးစီ၏ အထူးတလည် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် တေးဂီတ၊ နှိပ်နယ်ခြင်းနှင့် အိမ်မွေးတိရစ္ဆာန် ကုထုံး စသည့် အထူးကုထုံးများကိုပါ ပေါင်းစပ် စီစဉ်ထားရှိပါသည်။

## မိသားစု ပံ့ပိုးကူညီမှု

ပြင်းထန်ရောဂါနှင့် ဟော့စ်ပိုက်ခေါ် ရောဂါဆိုးလူနာ စောင့်ရှောက်မှုအပါအဝင် အခြားရွေးချယ်စရာများသည် အရေးကြီးသော ရောဂါများ၏ မည်သည့်အဆင့်မဆို သင့်လျော်ပါသည်။ လူနာများ၊ ၎င်းတို့၏သမားတော်များနှင့် လူနာမိသားစုများအား အကောင်းဆုံးသော ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကျွန်ုပ်တို့နှင့်ဆွေးနွေးမှုက ကူညီပေးနိုင်ပါသည်။

## ကြေကွဲမှုကိုနှစ်သိမ့်စာနာခြင်း

ဒေသတွင်းရှိ မိသားစုများကို ဝမ်းနည်းကြေကွဲမှုနှင့်ဆုံးရှုံးခြင်းအတွက် နှစ်သိမ့်ဆွေးနွေးမှုအစီအစဉ်ကို ပံ့ပိုးပေးရန်မှာ ကျွန်ုပ်တို့ Still Water Hospice၏ ပန်းတိုင်ဖြစ်ပါသည်။ သေဆုံးသွားသူသည် Stillwater Hospice ၏ လူနာဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိခိုက်ခံစားရသည့် အရွယ်ရောက်ပြီးသော ကျန်ရစ်သူချစ်ခင်ရသူများအတွက် ကျွန်ုပ်တို့၏ နှစ်သိမ့်ဖေးကူမှု အစီအစဉ်များကို အခကြေးငွေ မယူဘဲ လုပ်ဆောင်ပေးပါသည်။